ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ

(အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၃)

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ကြေညာခြင်း

၁။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကို " အလုပ်ချိန် တစ်နေ့ (၈) နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ၄,၈၀၀/- ကျပ် (လေးထောင့်ရှစ်ရာကျပ်တိတိ) အပေါ်တွင် အပိုထောက်ပံ့ကြေး ၁,၀၀၀/- ကျပ် (တစ်ထောင်ကျပ်တိတိ) ကို ထပ်မံခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ၅,၈၀၀/- ကျပ် (ငါးထောင့်ရှစ်ရာကျပ်တိတိ)ကို ခွင့်ပြုရန်ဖြစ်ပါသည်"ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၃၀-၉-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့် ထုတ်ပြန်သတ်မှတ်ပြီးဖြစ်ပါသည်။

၂။ အနည်းဆုံးအခကြေးငွေနှုန်းထားများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်၍ ဆုံးဖြတ်ခဲ့သည့် " **မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ်(ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ၄,၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်)"** ကို ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် အမျိုးသားကော်မတီမှ ၁၄-၅-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈)ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၃။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အပိုထောက်ပံ့ကြေး ၁,၀၀၀/- ကျပ် (တစ်ထောင်ကျပ်တိတိ)ကို အလုပ် လုပ်သောရက်များနှင့် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေအရ ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

၄။ ဤသတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦးအောက်ရှိလုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင် တစ်နိုင်လုပ်ငန်းများနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၅။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ ၅-၁၀-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြင့်နောင်
ပြည်ထောင်စုဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန
(ဥက္ကဋ္ဌ၊ အနည်းဆုံးအခကြေးငွေ
သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ)

စာအမှတ်၊ ဝ၂၂၄/၁/အလည(ဒေ/ညှိ)၂၀၂၃( ၂၆၀၄၂ )
ရက် စွဲ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊........................................................................ ဝန်ကြီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး (..........................)
ဤဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့ရုံး၊..........................ဦးစီးဌာန/အဖွဲ့ရုံး
အမိန့်ကြော်ငြာစာ စာတွဲ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံ ပြန်တမ်းတွင်ထည့်သွင်းကြေညာပေးနိုင်ပါရန် အပိုမိတ္တူ( ၅ ) စောင် နှင့်အတူ ပူးတွဲပေးပို့ပါသည်။

ရုံးလက်ခံ
မျှောစာတွဲ

အမိန့်အရ

မောင်မောင်သန်း
ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(အတွင်းရေးမှူး၊ အနည်းဆုံးအခကြေးငွေ
သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ)